ဇန်နဝါရီ (၂၈)

ဝေငှခြင်းနှင့်ပြည့်ဝနေသောနေ့ရက်များ
ပြုစုစောင့်ရှောက်ခြင်းနှင့် ပြည့်ဝနေသောနှစ်များ
ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝနေသော အသက်တာတစ်ခုအား
မည်သည့်အရာနှင့်မျှ တုနှိုင်း၍မရ။

**အ**သက်အရွယ် ကြီးရင့်လာသည့်အချိန်က ဘဝအသက်တာ၏ အကြီးမြတ်ဆုံးသော အချိန်အခါ ဖြစ်သင့်သည်။ သင်သည် မိမိ၏နေ့ရက်များကို ချစ်ခြင်းမေတ္တာနှင့် ဖြည့်ဆည်းခဲ့လျှင် ကောင်းသောအသက်တာနှင့် ရှင်သန်ခဲ့ပြီး ဘုရားသခင်၏ စိတ်သက်စရာအမှုများကို တတ်နိုင်သမျှ အကောင်းဆုံးပြုခဲ့ပြီးဖြစ်လျှင် သင့်အလုပ်၏ ကောင်းသောအသီးအပွင့်များကို မြင်တွေ့ရန် အချိန်ကျလာပြီဖြစ်သည်။ ထိုအရာက သင့်အားစစ်မှန်ပြီး အစဉ်သဖြင့်ဆိုသလို အောင်မြင်မှုကို ရယူခဲ့ပြီးဖြစ်ကြောင်း ခံစားစေသင့်သည်ဖြစ်ရာ သင့်အနေနှင့် ထာဝရကာလ၏ ဆုလဒ်များကို မျှော်လင့်နိုင်ပြီ ဖြစ်သည်။

လူပေါင်းများစွာက အသက်အရွယ်ကြီးရင့်မှုကို ဘဝအသက်တာ၏ အလွန်ဆိုးဝါးလှသော အချိန်အခါအဖြစ် ရှုမြင်နေကြခြင်းမှာ အလွန်ဝမ်းနည်းစရာ ကောင်းလှသည်။ ထိုအချိန်တွင် အရာရာကပို၍တိုး၍ ကောင်းသထက်ကောင်းလာဖို့ဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာခဲ့ကြောင်း မိမိတို့ကိုယ်ကို တွေ့ရှိခဲ့မှသာလျှင် အသက်အရွယ်ကြီးရင့်ခြင်းက စိတ်ပျက်စရာဖြစ်လာရသည်။ ဤအဖြစ်က စက်ဝိုင်းထဲလမ်းလျှောက်နေသကဲ့သို့ ဖြစ်ပြီး တိုးတက်မှုကင်းမဲ့သော လှုပ်ရှားမှုပင်ဖြစ်တော့သည်။ ဘဝအသက်တာ၏ ပထမပိုင်းကို အကောင်းဆုံးဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘဝရှင်သန်မှု လက်ဆောင်ကိုမပေးခဲ့ပါ။ သူအစပြုခဲ့သောအရာကို ဘုရားသခင်သည် အပြီးသတ်ခါ ပြီးမြောက်ပြည့်စုံစေတော်မူလိမ့်မည်။ (ဆာလံ ၁၃၈း၈၊ ဖိလိပ္ပိ ၁း၆) ထို့ကြောင့် အသက်အရွယ် ကြီးရင့်ခြင်းကို ကြောက်ရွံ့ခြင်းလည်း မရှိနှင့်။ ဆန့်ကျင်ဘက် ပြုခြင်းသည် လည်းမလုပ်နှင့်။ ဘဝအသက်တာ၏ ဤအစိတ်အပိုင်းကို အမိအရဆုပ်ကိုင်ပြီး ထိုအထဲမှ အလှပဆုံးအရာတစ်ခု ဖြစ်ပေါ်လာအောင်ပြုလုပ်ပါ။

အသက်အရွယ်က အဝတ်အစား နောက်တစ်မျိုးဖြင့်လာသော်လည်း
ငယ်ရွယ်နုပျိုမှုထက် အခွင့်အရေးနည်းပါးသွားခြင်း မရှိခဲ့။
ညနေခင်း၏ ဆည်းဆာချိန် အလင်းရောင်မှေးမှိန် ပျောက်ကွယ်သွားဆဲမှာ
နေ့အချိန် မမြင်ရသောကြယ်များ ကောင်းကင်ယံအပြည့်ပေါ်ထွက်လာ။

၁။ Henry Wadsworth Longfellow ( 1807 -1882)